# AROMA
ဝိ ညာဉ် ရေး ထု စာ စောင်

Calvary Burmese Church, 755, 8th Street, NW Washington DC 20001, Tel; (202) 347-8355, www.geocities.com/aromadc; www.cbc-dc.com

February 2009 အတွဲ ၆၊ အမှတ် ၂။ ကရာနီမြန်မာအသင်းတော်(ဝါရှင်တန်ဒီစီ)ဇေ၀ဂေလိနှင့်သာသနာပြုဌါနမှထုတ်ဝေသည်။


**ခရစ်တော်သည်ငါတို့ကိုချစ်တော်မူသောအားဖြင့်၊ ဘုရားသခင့်ရှေ့တော်၌မွှေးကြိုင်သောအနံ့ရှိစေခြင်းငှါ၊ကိုယ်ကိုကိုယ်ဆက်ကပ်၍ယဇ်ပူဇော်လျက်၊ ငါတို့အတွက်စွန့်တော်မူသည်နည်းတူ၊ သင်တို့သည်မေတ္တာတရား၌ကျင်လည်ကြလော့။ (ဧဖက် ၅း၂)**

**ယခုလဖတ်စရာ**

- မှန်ကန်စွာချိန်စတတ်ပါစေ
- အော်လ်တာနေးတစ်ဗမ္မဝတ္တု
- စိုးရိမ်ပူပန်ရမှုကြီး
- လောကသ္မိသည်

**ဝိညာဉ်ရေးအကြံပေး**

သိက္ခာတော်ရဆရာစောလယ်ထူး

**အယ်ဒီတာအဖွဲ့**


ဦးကမ် **(ထုတ်ဝေရေး)**
ukamaroma@gmail.com
သောင်းနိုး **(ကွန်ပြူတာစာတည်း)**
thawngnoaroma@gmail.com


**ကွန်ပြူတာစာစီ**

မတိုး

---

စာမူပေးပို့လိုသူများအောက်ပါ
လိပ်စာသို့ပေးပို့နိုင်ပါသည်။


3401 Sudlersville South
Laurel, MD 20724
Tel: 301-776-6820


## မှန်ကန်စွာချိန်စတတ်ပါစေ

(BE BALANCED)

ယနေ့ခေတ်ကာလသည် ကျေးဇူးတော်ကာလ၊ အသင်းတော်ကာလ၊ တစ်နည်းအားဖြင့် သန့်ရှင်းသော ဝိညာဉ်တော်အုပ်စိုးသည့်ကာလ ဖြစ်သလို၊ နောက်ဆုံးသော ကာလလဲ ဖြစ်ပါသည်။ ဤခေတ်ကာလ၌ဂိုဏ်းဂဏအမျိုးမျိုး၊ သြဝါဒအမျိုးမျိုးပေါ်ထွက်လာမည်ဖြစ်ကြောင်း သမ္မာကျမ်းစာမှ ကြိုတင်သတိပေးထားခြင်းဖြစ်ပေသည်။ ထို့ကြောင့် ယနေ့ယုံကြည်သူများအနေဖြင့်ပေါ်ထွက်လာသည့် သြဝါဒအမျိုးမျိုးတို့အား မှားသည်၊ မှန်သည်၊ ဆိုးသည်ကောင်းသည်ကို နှုတ်ကပတ်တော် မီးမောင်းဖြင့် စစ်ဆေးကြဖို့နှင့် အစွန်းရောက်ဝါဒီ (Extremist) များ မဖြစ်ကြဖို့ရန် ဤဆောင်းပါးကိုရေးရခြင်းဖြစ်ပါသည်။

ကြားသိရသမျှကို ကျမ်းစာနှင့် တိုက်ဆိုင်စစ်ဆေးပါ။(Always compare what you hear with the bible says) သူများပြောတိုင်း ယုံကြည်သူများမှာ 'ခလေးသူငယ်များ' ပင်ဖြစ်သည်။ 'နင့်အမေကုလားကြီးနဲ့လိုက်သွားပြီ' လို့ပြောလိုက်သည်နှင့် အချို့ကလေးများ တကယ်ထင်ပြီးငိုတတ်ကြသည်။ ပြောတိုင်းယုံခြင်းသည် ဝိညာဉ်သူငယ်၏ လက္ခဏာပင်ဖြစ်သည်။ ကောင်းကျိုး မကောင်းကျိုး ကိုပိုင်းခြား၍ သိတတ်သူသာလျှင် ဝိညာဉ်ရေး၌ရင့်ကျက်သူဖြစ်သည် (ဗြဲ ၅း၁၄)။

ယနေ့ အသစ်အသစ်ပေါ်ထွက်လာသည့် သွန်သင်ချက်များနှင့် ပတ်သက်ပြီး ကျွန်ုပ်တို့ အနေဖြင့်မည်ကဲ့သို့တုန့်ပြန်သင့်သနည်း ဗေရိမြို့သားတို့၏ဥပမာကို ယူနိုင်ပါသည်။ 'ဗေရိမြို့သားတို့သည် သက်သာလောနိတ်မြို့သားတို့ထက်ထူးမြတ်သဖြင့် အလွန်ကြည်ညိုသော စေတနာစိတ်နှင့် နှုတ်ကပတ်တော်ကို ခံယူ၍ မှန်သည်မမှန်သည်ကို သိခြင်းငှာ ကျမ်းစာကို နေ့တိုင်းအစဉ်စေ့စေ့ကြည့်ရှုကြ၏ (တ ၁၇း၁၁)။

**ကယ်တင်ခြင်းသည်လက်ခံယူရန်ဆုလက်ဆောင်ဖြစ်၏**
**ဆွတ်ခူးယူရန် ပန်းတိုင်မဟုတ်**

ဗေရိမြို့သားတွေက သက်သာလောနိတ်မြို့သားတွေထက်အဘယ်ကြောင့် ထူးမြတ်ရသနည်း ထူးခြားရသနည်း တကယ်တော့ သက်သာလောနိတ်မြို့သားတွေလည်း နှယ်နှယ်ရရ လူတွေမဟုတ်ပါ။ ရှင်ပေါလု၏ ချီးကျူးဂုဏ်ပြုခြင်း ကိုပင်ခံရသူများဖြစ်ကြောင်း (၁သက် ၁း၈)ကိုဖတ်ခြင်းအားဖြင့်သိနိုင်ပါသည်။ '*အဘယ်သို့နည်းဟူမူကား၊ သင်တို့ထံက သခင်ဘုရား၏ နှုတ်ကပတ်တော်အသံသည် မာကေဒေါနိပြည်၊ အခါယပြည်၌ကျော်စောသည်သာမက ဘုရားသခင်ကိုသင်တို့ယုံကြည်ခြင်း၏ သတင်းသည် အရပ်ရပ်တို့၌နှံ့ပြားလေ၏။ သို့ဖြစ်၍ ငါတို့သည်တစ်စုံတစ်ခုကိုမျှ ပြောစရာအကြောင်းမရှိ*' (၁သက် ၁း၈)

*သူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်နှင့်ဆိုင်သော ဝမ်းမြောက်ခြင်းနှင့်တကွ နှုတ်ကပတ်တော်ကိုခံယူသောသူများ ဖြစ်ကြသည်။* (၁သက် ၁း၆)။ ဗေရိမြို့သားတွေက သက်သာလောနိတ်မြို့သားတို့ထက် ပိုပြီးထူးမြတ်ရသည့်အကြောင်းမှာ သူတို့သည် နှုတ်ကပတ်တရားတော်ကို အလွန်ကြည်ညို သောစိတ်နှင့် ခံယူရုံသာမကဘဲ မှန်သည်၊ မမှန်သည်ကိုသိဖို့အတွက် ကျမ်းစာနှင့်တိုက်ဆိုင်စစ်ဆေးကြသောကြောင့်ပင်ဖြစ်သည်။

အင်္ဂလိပ်ကျမ်းစာ၌ "For they examined the Scriptures every day to see if what Paul said was true"(NIV) '*ပေါလုဟောပြောသမျှမှန်သည်၊ မမှန်သည် ကိုသိခြင်းငှာ ကျမ်းစာနှင့် နေ့စဉ်တိုက်ဆိုင် စစ်ဆေးကြ၏*' ဟုအဓိပ္ပါယ်ရပါသည်။ သူတို့အနေနှင့် '*ဟေ့ – တမန်တော်ကြီးရှင်ပေါလုကိုယ်တိုင် ဟောပြောနေတာပဲဥစ္စာ၊ ကျမ်းစာနဲ့ ပြန်စစ်ဆေးဖို့ မလိုပါဘူး*' '*တမန်တော်ကြီးရှင်ပေါလုဆိုတာ ယေရှုခရစ်တော်နဲ့ တိုက်ရိုက်စကားပြောခဲ့တဲ့ ပုဂ္ဂိုလ်ကြီးပဲ၊ ဗျာဒိတ်ယူပါရုံတွေလဲမြင်ခဲ့ပြီးပြီ။ သူပြောသမျှအားလုံးဟာ အမှန်တွေဘဲ ဖြစ်ရမယ်*' ဒီလိုနည်းနဲ့ သူတို့ခံယူခဲ့ခြင်း မဟုတ်ပါ။ ရှင်ပေါလု၏ဟောပြောချက်နှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုက်ညီမှုရှိ မရှိ အတည်ပြုချက်ရယူခဲ့ခြင်းဖြစ်သည်။

R. Edward Miller က " The Shepherd's" စာအုပ်၌ လူတစ်ယောက်သည် တစ်စုံတစ်ခုကို ဟောပြောသည့်အခါ ၎င်းဟောပြောချက်၏ ပင်မအရင်းအမြစ်မှာ (၄) မျိုးထဲမှတစ်မျိုးမျိုးဖြစ်နိုင်ကြောင်း ရှင်းပြထားသည်။

(၁) လူ့ဝိညာဉ်–စိတ်ကူး (ယေဇ ၁၃း၂–၃)

(၂) မုသားပြောတတ်သောဝိညာဉ်ဆိုး (၆ရာ ၁၈း၂၁)

(၃) သန့်ရှင်းသောဝိညာဉ်တော်

(၄) အထက်ပါ(၃)မျိုးထဲမှ နှစ်ခုပေါင်းစပ်ခြင်း ။

ဤစတုတ္ထအချက်နှင့်ပက်သက်ပြီး အကောင်းဆုံးဥပမာမှာ မဿဲ ၁၆ ၌ပါရှိသော ရှိမုန်ပေတရုပြောဆိုသည့်စကား ပင်ဖြစ်ကြောင်း သူက ဆက်လက်ရှင်းပြပါသည်။ ရှိမုန်ပေတရုက '*ကိုယ်တော်သည်ခရစ်တော်တည်းဟူသော ဘုရားသခင်၏သားတော် ဖြစ်တော်မူသည်ဟု လျှောက်လေ၏*' (မ ၁၆း၁၆) ယေရှုက ၎င်းပြောဆိုချက်သည် အသွေးအသားမှလာခြင်းမဟုတ်၊ ခမည်းတော်ဖွင့်ပြသည့်အရာဖြစ်ကြောင်း မိန့်ဆိုခဲ့သည်။ သို့သော်မိနစ်အနည်းငယ်ကြာပြီးသည့်အခါ ယေရှုက ထိုပေတရုကိုပင် '*အချင်းရန်သူ၊ ငါ့နောက်သို့ဆုတ်လော့၊ သင်သည် ဘုရားသခင်၏ အရာတို့ကို စိတ်မစွဲလန်း၊ လူတို့၏အရာကိုသာ စွဲလန်းသည်ဟု မိန့်တော်မူ၏*' (မ ၁၆း၂၃)

စာတန်က ယေရှုကိုချစ်သော တမန်တော်ပေတရု၏ နှုတ်ကိုအသုံးပြု၍ မှားယွင်းစွာပြောသည်ဖြစ်ကြောင်း ယေရှုသိတော်မူသည့်အတွက် ထိုကဲ့သို့ဆုံးမခြင်းဖြစ်သည်။ စာတန်၏ အသုံးပြုခြင်းခံလိုက်ရသည်ကို ပေတရုပင်သတိမပြုမိလိုက်ကြောင်း တွေ့ရသည်။ ထို့အတွက်ကြောင့်ပင် တမန်တော်ယောဟန်က ကျွန်ုပ်တို့အား သတိပေးထားသည်မှာ '*ချစ်သူတို့၊ ခပ်သိမ်းသောစိတ်ဝိညာဉ်တို့ကို မယုံကြနှင့်၊ စိတ်ဝိညာဉ်တို့သည် ဘုရားသခင်နှင့်စပ်ဆိုင်သည် မစပ်ဆိုင်သည်ကို မယုံကြနှင့်။ စိတ်ဝိညာဉ်တို့သည် ဘုရားသခင်နှင့်စပ်ဆိုင်သည် မစပ်ဆိုင်သည်ကို စုံစမ်းကြလော့။ အကြောင်းမူကား၊ မိစ္ဆာပရောဖက် အများ တို့သည် ဤလောကသို့သွားကြပြီ*' (၁ယော ၄း၁)

ကျွန်ုပ်တို့မကြာခဏပြုမိသောအမှား တစ်ခုရှိပါသည်။ ၎င်းမှာ ကျွန်ုပ်တို့နှစ်သက် သဘောကျသော တရားဟောဆရာကြီးများက ဩဝါဒအသစ်အဆန်းတွေ သွန်သင်သည့်အခါ ကျွန်တော်တို့က ဝေဖန်ပိုင်းခြားမနေတော့ဘဲ '*အို ဒါတွေဟာဘုရားဖွင့်ပြတဲ့အရာတွေပဲ*' လို့ တစ်ထစ်ချ သတ်မှတ်မိခြင်းဖြစ်သည်။ ကျွန်တော်ကိုယ်တိုင် ယနေ့ကမ္ဘာပေါ်တွင်ဘုရားရှင်အံ့ဩဖွယ်ရာ အသုံးပြုသော ပုဂ္ဂိုလ်ကြီးများ၏ စာအုပ်များစွာ ဖတ်ရှုလေ့လာခြင်း၊ တိတ်ခွေများနားထောင်ခြင်း၊ Video -VCD - နှင့် T.V အစီအစဉ်များကြည့်ရှုခြင်းသာမက အခါအခွင့်သင့်တိုင်း ၎င်းတို့၏ တရားဟောပွဲ (Crusade) များ၊ ကျမ်းစာသင်တန်း (Seminar) များတက်ရောက်ခြင်းအားဖြင့် နှုတ်ကပတ်တော်ကို ခံယူပါသည်။ သို့သော် ကျွန်တော်ကြားရ၊ မြင်ရ သွန်သင်ခံရသည့်အရာတွေသည် သမ္မာကျမ်းစာ၏ အခြေခံဩဝါဒ (Basic Bible Doctrine)

နှင့်ကိုက်ညီမှုရှိ မရှိ စစ်ဆေးပြီးမှသာ လက်တွေ့ ကျင့်သုံးပါသည်။

## **အစွန်းရောက်ခြင်းကိုရှောင်ကြဉ်ပါ**

(Avoid Extremes)

ခန္ဓာကိုယ်ကျန်းမာစေဖို့အတွက် ချို၊ ချဉ်၊ ငန်၊ စပ်၊ ဖန်၊ ခါး၊ ဆိမ့်၊ အရသာရှိသည့် အစာအဟာရများကို အချိုးညီမျှစွာ စားသုံးပေးဖို့လိုအပ်ပါသည်။ လိုအပ်သည်ထက် ပိုမိုစားသုံးပါက ရောဂါရပြီး မကျန်းမမာဖြစ်နိုင်ရုံသာမက အသက်အန္တရာယ်ပင်ကြုံတွေ့နိုင်ပါသည်။ ထိုနည်းတူစွာ ဝိညာဉ်ရေးရာ အသက်တာ ကြီးထွားကြံ့ခိုင်ဖို့အတွက်လည်း သမ္မာကျမ်းစာ၌ပါရှိသော ဝိညာဉ်အစာအာဟာရများအား ချိန်မျှ စားသောက်တတ်ဖို့ လိုအပ်ပါသည်။

အချို့သောပုဂ္ဂိုလ်များ အစပထမပိုင်းတွင်ဘုရားရှင်၏ အံ့သြဖွယ်ရာအသုံးပြုခြင်းကို ခံရသော်လည်း၊ အစွန်းရောက်သြဝါဒများကို စွဲကိုင်လာသည့်အခါ မှားယွင်းသော ကိုးကွယ်မှု (Cult) ပြုသူများ ဖြစ်လာကြောင်းအသင်းတော်သမိုင်းတစ်လျှောက်တွင် အထင်အရှားတွေ့နိုင်ပါသည်။

ယနေ့ခေတ်ကာလသည် သန့်ရှင်းသော ဝိညာဉ်တော်၏ ခေတ်ကာလဖြစ်သောကြောင့် ဝိညာဉ်တော်က အသင်းတော်၌ နိုးထမှု ဖြစ်စေမည့်အရာများအား ဖွင့်ပြလျှက်ရှိကြောင်း မည်သူမျှ မငြင်းနိုင်ပါ။ သို့သော် စာတန်မာရ်နတ်သည်လည်းအသင်းတော်နှင့် ယုံကြည်သူများအား ဖြိုခွဲဖျက်စီးရန်ကြံစည်လျှက် မှားယွင်းသော သြဝါဒများဖြင့် တိုက်ခိုက်လျှက် ရှိကြောင်း သတိချပ်ရမည်။

မည်သူမဆို သမ္မာကျမ်းစာထဲမှ မိမိနှစ်သက်ရာသြဝါဒတစ်ခုခုကို ဆွဲထုတ်အခြေပြုပြီး တယူသန်စွဲကိုင်ပါက အစွန်းရောက်ဝါဒီတစ်ဦး ဖြစ်လာနိုင်သည်။ ထိုသို့မဖြစ်ကြဖို့ရန်အတွက် ယနေ့အမှုတော်ဆောင်များနှင့် ယုံကြည်သူများအကြား၌ မကြာခဏမြင်တွေ့ရသော အစွန်းရောက်ခံယူချက်အချို့ကို တင်ပြဆွေးနွေးလိုပါသည်။

## **ဓမ္မတက္ကသိုလ် – ကျမ်းစာကျောင်း**

(Bible College -School)

ယနေ့ကမ္ဘာပေါ်တွင် ဓမ္မတက္ကသိုလ်၊ ကျမ်းစာသင်ကျောင်း ထောင်ပေါင်းများစွာ ရှိပါသည်။ ကျမ်းစာကျောင်းနှင့် ပတ်သက်၍ အမှုတော်ဆောင် ယုံကြည်သူများအကြား၌ ခံယူချက်အမျိုးမျိုး ရှိကြသည်။ အချို့က 'ကျမ်းစာကျောင်းကဘွဲ့ရမှ အမှုတော်ဆောင်၊ သင်းအုပ်လုပ်နိုင်သည်' ဟုဆို၏။'ကျမ်းစာကျောင်း မတက်လျှင် အမှုတော်ဆောင်အဖြစ် အသိအမှတ်မပြုနိုင်' ဟုထုတ်ဖော်ပြောဆိုကြ၏။ အချို့ကြတော့ 'ကျမ်းစာကျောင်းတက်ခြင်း သည် ဘုရားသခင်၏ အကြံအစည်မဟုတ်၊ ကျမ်းစာကျောင်းဘွဲ့ဆိုတာ လုံးဝမလိုအပ်၊ ကျမ်းစာကျောင်းတက်ခြင်းအား လက်တွေ့မပါ၊ အသိပညာသက်သက်ခံယူခြင်း(သို့) အချိန်ဖြုန်းခြင်း ဟုထင်မြင်ကြသည်။

မည်သည့်သွန်သင်ချက်မှန်သနည်း နှစ်ဖက်စလုံး အစွန်းရောက်နေခြင်းဖြစ်သည်။ ဓမ္မဟောင်းခေတ်၊ ပရောဖက်ဧလိယနှင့် ဧလိရှဲလက်ထက်၌ ပရောဖက်ကျောင်းများ ရှိကြောင်း တွေ့ရသည် (၄ရာ ၂း၅-၄း၃၈)။ ဓမ္မသစ်ကာလ၌ကြည့်လျှင် တုရန္နု အမည်ရှိသောသူ၏ စာသင် ဇရပ်၌ တမန်တော်ပေါလုက ၂နှစ်တိုင်ယုဒလူ၊ ဟေလသလူအပေါင်းတို့အားနှုတ်ကပတ်တရားတော်ကို ဟောပြောခဲ့ကြောင်းတွေ့ရသည် (တ ၁၉း၁၀)။ ဤသည်မှာ ကျမ်းစာကျောင်းပုံစံပင်ဖြစ်သည်။

ကျမ်းစာကျောင်း ဟူသည်အသင်းတော်ကို အထောက်အကူပြုနေသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ဓမ္မပညာကို စနစ်တကျ ဖြန့်ဖြူးပေးနေသည့် ဌာနကြီးလည်း ဖြစ်ပေသည်။ သို့သော် ကျမ်းစာကျောင်းအားလုံးက အသင်းတော်ကို အထောက်အကူပြုသည်တော့ မဟုတ်။ မှားယွင်းသော သီဩလော်ဂျီကို ပို့ချနေသည့် ဓမ္မတက္ကသိုလ်များလဲရှိသည် တကယ်တော့ ကျမ်းစာကျောင်းတက်ခြင်း၊ မတက်ခြင်း ကအဓိက မဟုတ်ပါ။ ဘုရားသခင်အသုံးပြုခြင်း သည် ဘွဲ့ရခြင်း၊ မရခြင်းနှင့် မသက်ဆိုင်၊ ဘုရားသခင်ထံ မိမိအသက်တာကို အပြည့်အဝဆက်ကပ်အပ်နှံသူ ဖြစ်ဖို့သာပို၍ အရေးကြီးပေသည်။ ကျမ်းစာကျောင်းမတက်ဘဲ ထူးချွန်ပြောင်မြောက်စွာ အမှုတော်ဆောင်နေသူများ ရှိသကဲ့သို့ ကျမ်းစာကျောင်းဘွဲ့ရ ပြီး နှိမ့်ချစွာဖြင့် အမှုတော်မြတ်၌ အစေခံနေသူတွေလည်း ဒုနဲ့ဒေးရှိပေသည်။

နောက်လဆက်ဖတ်ရန်

သိန်းသန်း